# သတင်းမှားများကို သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လို

နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုရှိစေရန်အတွက် နိုင်ငံရေးဆောင်ရွက်သူများ၊ မီဒီယာများအနေဖြင့် သတင်းမှားများကို သွေးထိုးလှုံ့ဆော်မှုများ မပြုလုပ်ရန်လိုကြောင်း၊ လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန် လိုအပ်သဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၄-၅-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် ဇွန် ၁၅

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ရုံးအမှတ် (၄) အစည်းအဝေးခန်းမ၌ Video Conferencing စနစ်ဖြင့် ကျင်းပသည်။** (ယာပုံ)



အစည်းအဝေးတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာ့နိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် ကူးစက်ဖြစ်ပွားမှု မြင့်တက်လျက်ရှိရာမှ ၎င်းနိုင်ငံများနှင့် ဆက်စပ်လျက်ရှိသော မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ၂၀၂၁ ခုနှစ် မေလကုန်ပိုင်းမှစတင်၍ ရောဂါဖြစ်ပွားမှု များပြားလာသည်ကို တွေ့ရှိရပါကြောင်း။

**ကူးစက်လာနိုင်ခြေမြင့်တက်**

မြန်မာနိုင်ငံသည် ပထဝီအနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်မှု ရှည်လျားသဖြင့် ၎င်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇပြောင်း ရောဂါပိုးတွေ့ရှိမှုနှင့်အတူ ရောဂါဖြစ်ပွားမှု မြင့်မားလာသည့်အခါ မိမိတို့နိုင်ငံအတွင်းသို့လည်း အဆိုပါရောဂါပိုးများ ကူးစက်လာနိုင်ခြေ မြင့်တက်လာပါကြောင်း၊ ထိုသို့ ပြည်ပနိုင်ငံများမှ ကူးစက်ဝင်ရောက်လာနိုင်မှုကို ထိရောက်စွာ ထိန်းချုပ်နိုင်ရေး ပြည်ပမှ ပြန်လာသူများကို စနစ်တကျ အသွားအလာ ထိန်းချုပ် ကန့်သတ်ခြင်းနှင့် အရေးအတွက် ကန့်သတ်ခြင်း၊ လေကြောင်းလိုင်းများနှင့် နယ်စပ်ဝင်ထွက်ဂိတ်များအား ယာယီပိတ်ပင်ခြင်းများကို ၂၀၂၁ ခုနှစ် မေလဆန်းမှစတင်ကာ ရောဂါဖြစ်ပွားမှု အခြေအနေကို မူတည်၍ တိုးမြှင့်ဆောင်ရွက်ခဲ့ပါကြောင်း။

**စနစ်တကျ စောင့်ကြပ်ကြည့်ရှု**

ထို့ပြင် နိုင်ငံအတွင်းရှိ အခြားကူးစက်ဖြစ်ပွားမှု မြင့်မားလာသည့် ဒေသများကိုလည်း စနစ်တကျ စောင့်ကြပ်ကြည့်ရှုကာ Stay at Home မြို့နယ်အဖြစ် သတ်မှတ်ခြင်း လုပ်ငန်းများကိုလည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဝေးလံခက်ခဲဒေသများ အပါအဝင် ရောဂါဖြစ်ပွားမှု များပြားလျက်ရှိသည့် ဒေသများသို့ ရောဂါကာကွယ်ထိန်းချုပ် ကုသရေးအတွက် COVID-19 Rapid Antigen Test Kit များ၊ အောက်ဆီဂျင် ဆလင်ဒါများ၊ အောက်ဆီဂျင်စက်များ၊ တစ်ကိုယ်ရေ ကာကွယ်ရေး ပစ္စည်းများ (PPE)၊ သွေးတွင်းအောက်ဆီဂျင်တိုင်း ကိရိယာများ (Pulse oximeter)၊ ပဋိဇီဝဆေးများအပါအဝင် အခြားဆေးနှင့် ဆေးပစ္စည်းများ၊ လူနာခုတင်များ၊ ဌာနသုံးမော်တော်ယာဉ်များကို ထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု များပြားလာပါက အဆင်သင့်ဖြစ်စေရန် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဆေးရုံများ၊ ကုသရေးစင်တာများ၊ အသွားအလာ ကန့်သတ်၍ သီးသန့်ခွဲခြားထားရှိမည့် နေရာများကို သက်ဆိုင်ရာ ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများနှင့် အနီးကပ်ပူးပေါင်း၍ ပြင်ဆင်ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။

ရောဂါပြင်းထန်မှု အခြေအနေပေါ် မူတည်၍ လူနာများအား စနစ်တကျ ကုသစောင့်ရှောက်မှုပေးနိုင်ရေး တိုင်းဒေသကြီး/ပြည်နယ်အသီးသီးရှိ ကုသရေးဆိုင်ရာ အဖွဲ့များမှ စီမံချက်များ၊ လုပ်ငန်းလမ်းညွှန်များ မွမ်းမံရေးဆွဲကြရမည်ဖြစ်ပြီး သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ညှိနှိုင်း၍ အဆင်သင့်ဖြစ်စေရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ယင်းနောက် တက်ရောက်လာကြသည့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်အလိုက် တာဝန်ရှိသူများက ရောဂါဖြစ်ပွားမှု၊ ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ် ယင်းမာပင်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၊ စားသောက်ဖွယ်ရာများနှင့် နှာခေါင်းစည်းများပေးအပ်

နေပြည်တော် ဇွန် ၁၅

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်မြို့နယ်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့် အဖွဲ့ဝင်များက ယင်းမာပင်မြို့နယ် စစ်မှုထမ်းဟောင်းအိမ်ရာရှိ အောင်ဇေယျခန်းမ၌ သွားရောက်တွေ့ဆုံသည်။




ထိုသို့တွေ့ဆုံစဉ် ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်က အမှာစကားပြောကြားပြီး စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ စားသောက်ဖွယ်ရာများနှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရေး အသိပညာပေး

ပြည် ဇွန် ၁၅

ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဗိုလ်ချုပ်လမ်းမပေါ်နှင့် ကိုးသောင်းဈေးတို့၌ ယနေ့နံနက် ၈နာရီတွင် ဌာနဆိုင်ရာများပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးနိုင်ရေးအတွက် ပါးစပ်နှင့် နှာခေါင်းစည်းများ စနစ်တကျ တပ်ဆင်သွားလာကြရန် အသိပညာပေးလှုပ်ရှားမှု ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပြုလုပ်ရာတွင် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းဦး ဦးဆောင်သော ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေး၊ မြို့နယ်ရဲတပ်ဖွဲ့နှင့်ယာဉ်ထိန်းရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ပြန်/ဆက်၊ မြို့နယ်စည်ပင်နှင့် မြို့နယ်ယာဉ်လုပ်ငန်းကြီးကြပ်မှုကော်မတီတို့မှ ဝန်ထမ်းများနှင့် ရွာဘဲရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များက အဆိုပါနေရာတို့၌ နှာခေါင်းစည်း တပ်ဆင်ခြင်းမရှိဘဲ သွားလာနေကြသူများနှင့် ဈေးသည်/ဈေးဝယ်ပြည်သူများကို နှာခေါင်းစည်း စနစ်တကျတပ်ဆင်ရေး အသိပညာပေးဆွေးနွေးကာ ပါးစပ်နှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ကိုဆက်(ပြန်/ဆက်)

# နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အား ဇမ္ဗူသီရိမြို့နယ်၊ သီးသန့်တရားရုံး၌ ရုံးထိုင်စစ်ဆေးမှုများ ဆောင်ရွက်

**နေပြည်တော် ဇွန် ၁၅**

နိုင်ငံတော်သမ္မတဟောင်း ဦးဝင်းမြင့်၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဟောင်း ဒေါ်အောင်ဆန်းစုကြည်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌဟောင်း ဒေါက်တာမျိုးအောင်တို့အပေါ် စွဲဆိုထားသည့် အမှုများကို ၂၀၂၁ ခုနှစ်၊ ဇွန် ၁၅ ရက်တွင် ဇမ္ဗူသီရိမြို့နယ်၊ သီးသန့်တရားရုံး၌ ရုံးထိုင်စစ်ဆေးခဲ့ရာ ဦးဝင်းမြင့်၊ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမျိုးအောင်တို့အပေါ် ရာဇသတ်ကြီးပုဒ်မ ၅၀၅(ခ)ဖြင့် စွဲဆိုထားသည့် အမှုနှင့် ဒေါ်အောင်ဆန်းစုကြည်အပေါ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေအရ စွဲဆိုထားသည့်အမှုများကို စစ်ဆေးခဲ့ကြောင်းနှင့် ရုံးထိုင်စစ်ဆေးမှုမပြုမီ ၎င်းတို့၏ရှေ့နေများနှင့် လွတ်လပ်စွာ တွေ့ဆုံခဲ့ကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။

**သတင်းစဉ်**

## မော်တော်ယာဉ် ဝယ်ယူ/ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခွန်ရှင်းလင်းခြင်းဆိုင်ရာ သိကောင်းစရာများ

၁။ မော်တော်ယာဉ် ဝယ်ယူခြင်း/ ရောင်းချခြင်းကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆောင်ရွက်လိုပါက မော်တော်ယာဉ် စံနှုန်းသတ်မှတ်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

၂။ မော်တော်ယာဉ်စံနှုန်းသတ်မှတ်ခြင်း၊ အခွန်စည်းကြပ်မှု ဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ –

(က) ပြည်တွင်းထုတ်မော်တော်ယာဉ်များ မှတ်ပုံတင်ခြင်းနှင့် တစ်ဆင့်ဝယ်ယူ၍ မော်တော်ယာဉ် ပိုင်ရှင်အမည်ပြောင်းလဲခြင်းဖြစ်ပါက အခွန်ထမ်း နေထိုင်ရာ မြို့နယ်ရှိ သက်ဆိုင်ရာ မြို့နယ် အခွန် ဦးစီးဌာနမှူးရုံးများတွင် လည်းကောင်း၊

(ခ) ပြည်ပမှ မော်တော်ယာဉ် တင်သွင်းခြင်းကိစ္စ ဖြစ်ပါက ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်ရှိ ပြည်ပမှ မော်တော်ယာဉ်တင်သွင်းခြင်းအတွက် ကျသင့်ဝင်ငွေခွန် ကောက်ခံရေးအဖွဲ့ရုံးများတွင် လည်းကောင်း ဆက်သွယ်ဆောင်ရွက်ရမည် ဖြစ်ပါသည်။

၃။ အခွန်ထမ်းပြည်သူများအနေဖြင့် မော်တော်ယာဉ် ဝယ်ယူခြင်း/ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အခွန်ပေးဆောင်ခြင်းကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်ဖြစ်ပါသည် –

(က) မော်တော်ယာဉ် ဝယ်ယူခြင်း/ အမည်ပြောင်းခြင်း ကိစ္စရပ်များ ဆောင်ရွက်လိုပါက အခွန်ထမ်း နေထိုင်ရာ သက်ဆိုင်ရာ မြို့နယ်အခွန်ရုံးသို့ ဝင်ငွေ ကြေညာလွှာတင်သွင်းပြီး ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းတင်ပြနိုင်ပါက ဝင်ငွေရလမ်း တင်ပြခြင်း၊ ဝင်ငွေရလမ်းတင်ပြနိုင်ခြင်း မရှိပါက ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၂၅ ပါ အခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန် ပေးဆောင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

(ခ) မော်တော်ယာဉ် ရောင်းချခြင်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အောက်ပါအတိုင် လိုက်နာ ဆောင်ရွက်သွားရမည်ဖြစ်ပါသည် –

(၁) အခြေပစ္စည်း လွှဲပြောင်းရောင်းချသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခွန်ထမ်းနေထိုင်သည့် သက်ဆိုင်ရာ မြို့နယ်အခွန်ရုံးသို့ ဝင်ငွေကြေညာလွှာ တင်သွင်းခြင်းနှင့် ကျသင့်အခွန်ကို ခန့်မှန်းတွက်ချက် ပေးသွင်းခြင်းတို့ကို ဆောင်ရွက်ရပါမည်၊

(၂) သတ်မှတ်ထားသည့် တန်ဖိုးအပေါ် မူလအဝယ်တန်ဖိုးနှင့် ယင်းပစ္စည်း လွှဲပြောင်းရောင်းချရာတွင် ဖြည့်စွက်အသုံးပြုခဲ့ရသည့် ကုန်ကျစရိတ်များအား ခွင့်ပြုနုတ်ပယ်ပြီး ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေအရ မြတ်စွန်းသည့် ငွေအပေါ် ၁၀% ဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည် ဖြစ်ပါသည်၊

(၃) နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြား တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုး စုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေ ပေါ်ပေါက်စေကာမူ ဝင်ငွေခွန် ပေးဆောင်ရန် မလိုအပ်ပါ။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

## အိမ်ခြံမြေ/အဆောက်အဦ ဝယ်ယူ/တည်ဆောက် ရောင်းချခြင်းနှင့် စပ်လျဉ်း၍ အခွန်ရှင်းလင်းခြင်းဆိုင်ရာ သိကောင်းစရာများ

၁။ အိမ်ခြံမြေ/ အဆောက်အဦ ဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ ရောင်းချခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အခွန်ဆိုင်ရာကိစ္စရပ်များ ရှင်းလင်းဆောင်ရွက်လိုပါက ကာလတန်ဖိုး စိစစ်သတ်မှတ်ခြင်း၊ ကြေညာလွှာတင်သွင်းခြင်း၊ အခွန်ပေးဆောင်ခြင်း စသည့်လုပ်ငန်းစဉ်များကို ဆောင်ရွက်ရန်လိုအပ်မည် ဖြစ်ပါသည်။

၂။ ကာလတန်ဖိုးစိစစ်သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ဝယ်ယူ/တည်ဆောက်/ရောင်းချသည့် အခြေပစ္စည်းသည် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင်တည်ရှိပါက သက်ဆိုင်ရာ တိုင်းဒေသကြီး ကာလတန်ဖိုးစိစစ်သတ်မှတ်ရေးအဖွဲ့ထံ ဆက်သွယ်၍လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီး စည်ပင်သာယာ နယ်နိမိတ်ပြင်ပရှိမြို့နယ်များနှင့် ကျန်တိုင်းဒေသကြီး/ ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် တည်ရှိခြင်း ဖြစ်ပါက သက်ဆိုင်ရာ မြို့နယ်ကာလတန်ဖိုး စိစစ်သတ်မှတ်ရေးအဖွဲ့ထံ ဆက်သွယ်၍လည်းကောင်း ကာလတန်ဖိုး သတ်မှတ်မှုခံယူရမည် ဖြစ်ပါသည်။

၃။ ကာလတန်ဖိုးစိစစ်သတ်မှတ်မှုခံယူပြီး တစ်နှစ်အတွင်း အခွန်စည်းကြပ်မှု ခံယူရမည်ဖြစ်ပါသည်။ ကာလတန်ဖိုးစိစစ်သတ်မှတ်မှုခံယူပြီး တစ်နှစ်အတွင်း အခွန်စည်းကြပ်မှုခံယူရန် ပျက်ကွက်ပါက ကာလ တန်ဖိုးစိစစ်သတ်မှတ်ချက်မှာ အလိုအလျောက် ပျက်ပြယ်သွားမည်ဖြစ်ပြီး တစ်နှစ်ကျော်မှ အခွန်စည်းကြပ်မှုခံယူမည်ဆိုပါက လက်ရှိကာလတန်ဖိုး သတ်မှတ်စံနှုန်းများဖြင့် ပြန်လည်တန်ဖိုး သတ်မှတ်သွားမည်ဖြစ်ပါသည်။

၄။ အခွန်ထမ်းပြည်သူများအနေဖြင့် အိမ်ခြံမြေ/အဆောက်အဦ ဝယ်ယူခြင်း/တည်ဆောက်ခြင်း/ ရောင်းချခြင်းနှင့်စပ်လျဉ်း၍ အခွန်ပေးဆောင်ခြင်းကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါသည် –

(က) အိမ်ခြံမြေ/ အဆောက်အဦ ဝယ်ယူခြင်း/ တည်ဆောက်ခြင်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အခြေပစ္စည်းတည်ရှိရာ သက်ဆိုင်ရာမြို့နယ်အခွန်ရုံးသို့ ဝင်ငွေကြေညာလွှာ တင်သွင်းပြီး ဝယ်ယူခြင်းအတွက် ဝင်ငွေရလမ်းတင်ပြနိုင်ပါက ဝင်ငွေရလမ်းတင်ပြခြင်း၊ ဝင်ငွေရလမ်း တင်ပြနိုင်ခြင်းမရှိပါက ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက် ဥပဒေပုဒ်မ ၂၅ ပါ အခွန်နှုန်းထားများအတိုင်း ဝင်ငွေခွန်ပေးဆောင်ခြင်းနှင့် သတ်မှတ် တန်ဖိုးအပေါ် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းတို့ကို ဆောင်ရွက်ရပါမည်။

(ခ) အိမ်ခြံမြေ/ အဆောက်အဦ ရောင်းချခြင်းကိစ္စရပ်များ ဆောင်ရွက်လိုပါက အောက်ပါ အတိုင်း လိုက်နာဆောင်ရွက်သွားရမည်ဖြစ်ပါသည် –

(၁) အခြေပစ္စည်း လွှဲပြောင်းရောင်းချသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အခြေပစ္စည်းတည်ရှိရာ သို့မဟုတ် အခွန်ထမ်းနေထိုင်သည့် သက်ဆိုင်ရာမြို့နယ် အခွန်ရုံးသို့ ဝင်ငွေကြေညာလွှာတင်သွင်းခြင်းနှင့် ကျသင့်အခွန်ကို ခန့်မှန်း တွက်ချက်ပေးသွင်းခြင်းတို့ကို ဆောင်ရွက်ရပါမည်၊

(၂) သတ်မှတ်ပေးထားသည့်ကာလတန်ဖိုးအပေါ် မူလအဝယ်တန်ဖိုးနှင့် ယင်း ပစ္စည်း လွှဲပြောင်းရောင်းချရာတွင် ဖြည့်စွက်အသုံးပြုခဲ့ရသည့် ကုန်ကျစရိတ် များအား ခွင့်ပြုနုတ်ပယ်ပြီး ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန် အကောက်ဥပဒေအရ မြတ်စွန်းသည့် ငွေအပေါ် ၁၀% ဖြင့် ဝင်ငွေခွန် ပေးဆောင်ရမည် ဖြစ်ပါသည်၊

(၃) နှစ်တစ်နှစ်အတွင်း အခြေပစ္စည်းတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ရောင်းချခြင်း၊ လဲလှယ်ခြင်း သို့မဟုတ် အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း ပြုလုပ်သည့် အခြေပစ္စည်း၏ တန်ဖိုးစုစုပေါင်းသည် ကျပ်သိန်း ၁၀၀ ထက် မပိုလျှင် အခြေပစ္စည်းမှ မြတ်စွန်းငွေပေါ်ပေါက်စေကာမူ ဝင်ငွေခွန် ပေးဆောင်ရန် မလိုအပ်ပါ။

၅။ အိမ်ခြံမြေ/ အဆောက်အဦဝယ်ယူခြင်း/ တည်ဆောက်ခြင်း/ ရောင်းချခြင်း ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသေးစိတ်သိရှိလိုပါက ပြည်တွင်းအခွန်များဦးစီးဌာန၏ website ဖြစ်သော www.ird.gov.mm သို့ ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**

# နယူးဇီလန်နိုင်ငံတွင် အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေး ပထမအကြိမ်အစည်းအဝေး ကျင်းပမည်

ဝယ်လင်တန် ဇွန် ၁၅

**နယူးဇီလန်နိုင်ငံတွင် ပထမအကြိမ်ကျင်းပသည့် အကြမ်းဖက်တန်ပြန်တိုက်ဖျက်ရေးနှင့် အကြမ်းဖက်အစွန်းရောက်များကို တန်ပြန်တိုက်ဖျက်ရေးအတွက် အစည်းအဝေးကို နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်က ဇွန် ၁၅ ရက်တွင် ဖွင့်လှစ်ပေးခဲ့သည်။**

ခရစ်စ်ချာ့ချ်မြို့တွင် ၂၀၁၉ ခုနှစ် မတ် ၁၅ ရက်က အကြမ်းဖက်တိုက်ခိုက်မှု ပေါ်ပေါက်ခဲ့ပြီး သေနတ်သမားတစ်ဦးက လူပေါင်း ၅၁ ဦးကို ပစ်သတ်ခဲ့သည်။ ယခုကျင်းပသည့်အစည်းအဝေးမှာ တိုင်းပြည်အတွင်း ပိုမိုလုံခြုံစိတ်ချရစေရန်နှင့် ငြိမ်းချမ်းသာယာစေရန် မည်သို့လုပ်ဆောင်နိုင်သည်ကို ဆွေးနွေးသည့်ပွဲဖြစ်သည်ဟု နယူးဇီလန်ဝန်ကြီးချုပ် အာဒန်က ပြောသည်။

ယခု အစည်းအဝေးကို နှစ်စဉ်ကျင်းပသွားမည်ဖြစ်ပြီး ပြည်သူများကြား စကားသံများ၊အပြန်အလှန်နားလည်မှုများ တည်ဆောက်ကာ အကြမ်းဖက်မှုအရင်းအမြစ်များကို သုတေသနပြုလေ့လာသွားမည်ဟုလည်း သိရသည်။

အမုန်းတရားကို လှုံ့ဆော်ပေးသည့် အကြမ်းဖက်အတွေးအခေါ်များနှင့် ပတ်သက်သည့် စိန်ခေါ်မှုများ၊ အကြမ်းဖက်မှုကို ဖြေရှင်းရန် ဦးစားပေးရမည့်အကြောင်းအရာများကို ဆွေးနွေးသွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားသည်။

ယခုအစည်းအဝေးသည် လူမှုအဖွဲ့အစည်းများ၊ အရပ်ဘက်အဖွဲ့အစည်းများနှင့် ပညာရှင်များ၊ အစိုးရဘက်မှလူများ ပါဝင်ဆွေးနွေးတိုင်ပင်သွားမည်ဖြစ်သည်။ ထို့ပြင် အသိပညာများနှင့် အတွေ့အကြုံဗဟုသုတများကိုလည်း မျှဝေပေးသွားမည်ဟု ဝန်ကြီးချုပ်က ပြောသည်။ **ဆင်ဟွာ**



နယူးဇီလန်ဝန်ကြီးချုပ် ဂျက်စင်ဒါအာဒန်။



အီသီယိုပီးယားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါပိုး စစ်ဆေးနေမှုကို တွေ့ရစဉ်။

## အီသီယိုပီးယားတွင် ကိုဗစ်-၁၉ ပိုးတွေ့လူနာသစ် ၁၅၉ ဦး စံချိန်တင်တွေ့ရှိ

**အဒစ်အာဘာဘာ ဇွန် ၁၅**

အီသီယိုပီးယားတွင် ယမန်နေ့ တစ်ရက်အတွင်း ကိုဗစ်-၁၉ ပိုးတွေ့လူနာသစ် ၁၅၉ ဦးအထိ တွေ့ရှိခဲ့ရကြောင်း တနင်္လာနေ့ ညနေအထိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပိုးတွေ့လူနာ စုစုပေါင်း ၂၇၄၃၇၄၆ ဦးအထိရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာန ဖော်ပြချက်အရ သိရသည်။

ကိုဗစ်-၁၉ ကြောင့် နိုင်ငံအတွင်း ထပ်မံသေဆုံးသူ ရှစ်ဦးရှိသဖြင့် သေဆုံးသူ စုစုပေါင်း ဦးရေ ၄၂၅၀ နှင့် ပြန်လည် သက်သာလာသူ ၄၄၃ ဦးရှိလာသဖြင့် သက်သာလာသူ စုစုပေါင်း ၂၅၁၁၀၇ ဦးအထိ ရှိလာကြောင်း အဆိုပါဌာနက ပြောသည်။

အာဖရိကတိုက်တွင် ဒုတိယလူဦးရေ အထူထပ်ဆုံး နိုင်ငံဖြစ်သည့် အီသီယိုပီးယား၌ ကိုဗစ်-၁၉ ပိုးတွေ့ရှိမှု အရေအတွက်မှာအများဆုံး ဖြစ်နေဆဲဖြစ်သည်။

အီသီယိုပီးယားနိုင်ငံ၏ ကိုဗစ်-၁၉ ပိုးတွေ့လူနာတွေ့ရှိမှု အရေအတွက်မှာ အာဖရိကတစ်တိုက်လုံး ပိုးတွေ့ရှိမှု၏ ၆ ရာခိုင်နှုန်းခန့်ရှိကြောင်း အာဖရိက ကူးစက်ရောဂါ ထိန်းချုပ်ရေးနှင့် ကာကွယ်တားဆီးရေး စင်တာများမှ ကိန်းဂဏန်းများက ဖော်ပြနေသည်။

အာဖရိက၌ ကိုဗစ်-၁၉ရောဂါ အဆိုးရွားဆုံး ထိခိုက်ခံစားခဲ့ရသည့် နိုင်ငံများတွင် အီသီယိုပီးယား ပါဝင်ပြီး ယင်းနောက်တွင် တောင်အာဖရိက၊ မော်ရိုကိုနှင့် တူနီးရှားနိုင်ငံတို့ ရှိနေသည်။ **ဆင်ဟွာ**

## ကိုဗစ်-၁၉ ကာကွယ်ဆေး တစ်သန်းကို ဂျပန်နိုင်ငံက ဗီယက်နမ်နိုင်ငံသို့ လှူဒါန်းသွားမည်

**တိုကျို ဇွန် ၁၅**

ဂျပန်နိုင်ငံသည် ဗီယက်နမ်နိုင်ငံသို့ ဇွန် ၁၆ ရက်တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်သန်း လှူဒါန်းသွားမည်ဟု ဂျပန်နိုင်ငံခြားရေးဝန်ကြီး တိုရှီမစ်ဆု မိုတက်ခ်ဂီ ပြောသည်။

ဂျပန်နိုင်ငံသည် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို အင်ဒိုနီးရှား၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံများသို့ ဇူလိုင်လအတွင်း ပေးပို့သွားနိုင်ရေး စဉ်းစားလျက်ရှိသည်ဟုလည်း ၎င်းက ဇွန် ၁၄ ရက်တွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။

ဗီယက်နမ်နိုင်ငံ၏ လက်ရှိတွင် ရောဂါကူးစက်နေမှု အခြေအနေနှင့် ကာကွယ်ဆေးပြတ်တောက်မှု အခြေအနေများကို ကြည့်ကာ ယခုလိုဆုံးဖြတ်လိုက်ရခြင်းဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

ဗီယက်နမ် နိုင်ငံသည်လည်း ဧပြီလမှစတင်ကာ ရောဂါကူးစက်မှုများ ပြန်လည်ပေါ်ပေါက်လာသည့်အပြင် ကျန်းမာရေးအာဏာပိုင်များက ဗီဇပြောင်းကိုဗစ်-၁၉ ဗိုင်းရပ်စ်ကိုပါ ထောက်လှမ်းမိလာကြသည်။

ဂျပန်နိုင်ငံသည် လူဦးရေသန်း ၆၀ အတွက် အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို ရယူထားသည်။

အဆိုပါ ဆေးအသုံးပြုနိုင်ရေးအတွက် လွန်ခဲ့သည့်လမှစတင်ကာ ခွင့်ပြုပေးခဲ့သည်။ သို့သော်လည်း အက်စ်ထရာဇနီကာ ကိုဗစ်-၁၉ ကာကွယ်ဆေးမှာ လတ်တလောတွင် သွေးခဲသည့်ပြဿနာ ရှားရှားပါးပါး ပေါ်ပေါက်နေသည့်အတွက် အဆိုပါဆေးကို လူထုအတွက် ချက်ချင်းအသုံးပြုသွားဦးမည် မဟုတ်ဟု သိရသည်။ **ကျိုဒို**



ကိုဗစ်-၁၉ ကာကွယ်ဆေးများ။

## အရပ်သားများအပေါ် တိုက်ခိုက်မှု ဆီးရီးယားကို ကုလအပြစ်တင်

**ဒမတ်စကတ် ဇွန် ၁၅**

ပြီးခဲ့သည့် စနေနေ့က ဆီးရီးယားနိုင်ငံ အာဖရင်မြို့ ဆေးရုံတစ်ခုတွင် ဆေးဝန်ထမ်းများနှင့် အရပ်သားများ သေဆုံးနိုင်လောက်သည်အထိ လက်နက်ကြီးဖြင့် တိုက်ခိုက်ခံရမှုအပေါ် ဆီးရီးယားနိုင်ငံဆိုင်ရာ ကုလအထူးသံတမန်ဖြစ်သူ ဂီယာပီဒါဆန်က ပြစ်တင်ရှုတ်ချလိုက်သည်။

အဆိုပါဆေးရုံမှာ ကုလသမဂ္ဂ အကူအညီဖြင့် ဆီးရီးယား အနောက်မြောက်ပိုင်းဒေသသို့ ကျန်းမာရေးဝန်ဆောင်မှုများ ထောက်ပံ့ပေးသည့် အဓိကနေရာဖြစ်သည်။

လက်နက်ကြီးကျရောက်မှုကြောင့် သေဆုံးသူ ၂၁ ဦးအထိရှိကြောင်း ဆီးရီးယားလူ့အခွင့်အရေး စောင့်ကြည့်လေ့လာရေး အစီရင်ခံစာက ပြောသည်။

သေဆုံးသူအရပ်သားများမှာ ကျန်းမာရေးစောင့်ရှောက်မှုလုပ်သားများ၊ ဆရာဝန်တစ်ဦး၊ ကလေးတစ်ဦးနှင့် အမျိုးသမီးများ အပါအဝင် ၁၇ ဦးရှိကြောင်း သိရသည်။

တနင်္လာနေ့က ထုတ်ပြန်ချက်တွင် အရပ်သားများ၊ အလုပ်သမားများ ကျန်းမာရေးစောင့်ရှောက်မှု ဆေးပေးခန်းများ အပါအဝင်အရပ်သားများ၏အခြေခံအဆောက်အအုံများအပေါ် (လူနေအိမ်) ကျူးလွန်သော အဆိုပါ စိတ်ပျက်ဖွယ်ရာကောင်းသည့် တိုက်ခိုက်မှုမှာ လက်ခံနိုင်ဖွယ်ရာမရှိကြောင်းနှင့် ပစ်ခတ်မှုရပ်စဲရမည်ဖြစ်ကြောင်း ပီဒါဆန်က ပြောကြားခဲ့သည်။

လူ့အခွင့်အရေးအုပ်စုများကလည်း ယင်းတိုက်ခိုက်မှုအတွက် ဆီးရီးယား သမ္မတဘာတ်ရှာအယ်လ်အာဆတ် အုပ်ချုပ်ရေးကို ပြစ်တင်ပြောဆိုထားသည်။

**အင်န်အိတ်ချ်ကေ**

## လာအိုနိုင်ငံမြောက်ပိုင်းတွင် လူပေါင်း ၃၀၀၀ ရေလွှမ်းမှုဒဏ် ခံစားရ

**ဗီယင်ကျန်း ဇွန် ၁၅**

လာအိုနိုင်ငံမြောက်ပိုင်း ဆာရာဘော်ရီပြည်နယ်တွင် ပြီးခဲ့သည့် ရက်ပိုင်းအတွင်း မိုးသည်းထန်စွာရွာသွန်းပြီး ရေလွှမ်းမှုဖြစ်ပေါ်ခဲ့ရာ ကျေးရွာအချို့ရှိ လူပေါင်း ၃၀၀၀ ကျော် ရေဘေးဒုက္ခခံစားခဲ့ရသည်ဟု သိရသည်။

လာအိုအာဏာပိုင်များ၊ တပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများသည် ရေလွှမ်းမိုးမှု ဆိုးဆိုးရွားရွားခံစားရသည့်ဒေသများတွင် ကယ်ဆယ်ရေးများ လုပ်ဆောင်လျက်ရှိသည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူး ဖက်ဖီဆေးဆောင်းဗီလေးက ပြောသည်။

လာအိုနိုင်ငံမြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် ပြီးခဲ့သည့်ရက်ပိုင်းအတွင်း အပူပိုင်းမုန်တိုင်း ကိုဂူမာ ဝင်ရောက်တိုက်ခတ်ပြီးနောက် ရေလွှမ်းမှုဒဏ်ကို ဆိုးဆိုးရွားရွား ခံစားခဲ့ရသည်ဟု သိရသည်။

**ဆင်ဟွာ**

